E-NEWSLETTER

VOL.3, N0.6

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် JUNE 2024

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်မှ ကော်မရှင်ရုံးဝန်ထမ်းများအား အသိပညာပေး ဆွေးနွေးဟောပြောစဉ်

"နိုင်ငံသားများ၏ အခွင့်အရေးနှင့်တာဝန်များ – Rights and Duties of the Citizens သိကောင်းစရာခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ခြင်း

မေလ ၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ အသိပညာမျှဝေခြင်း အစီအစဉ် Knowledge Sharing Program အရ "နိုင်ငံသားများ၏ အခွင့်အရေးနှင့်တာဝန်များ – Rights and Duties of the Citizens" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပွဲကို ၉-၅-၂၀၂၄ ရက်နေ့၊ ၁၀:၃၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အသိပညာပေးဟောပြောပွဲ၌ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်ပြဋ္ဌာန်းမှု၊ စစ်မှုထမ်းဆောင်ရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ပြည်သူ့စစ်မှုထမ်းဆောင်ရန်ကာလ၊ ပြည်သူ့စစ်မှုထမ်းကင်းလွတ်ခွင့်၊ လျော့ပေါ့ခွင့်၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရ အကျိုးဝင်မည့်ဦးရေ၊ ပြည်သူ့စစ်မှုထမ်းရန်ဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆိုင်းခွင့်တို့ကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်က ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးမြို့နယ်အဖွဲ့က ဆင့်ခေါ်ခြင်းအား ရှောင်ရှားလျှင် အရေးယူခံရမည့် ပြစ်မှုနှင့် ပြစ်ဒဏ်များတို့ကို အကျယ်တဝင့်ရှင်းလင်း

သတင်းအညွှန်း

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၃/၂၀၂၄)၊ နှင့် (၄/၂၀၂၄) — စာ ၃

ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ — စာ ၄၊ ၁၄

ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်ရှမ်းပြည်နယ်ရှိ ကျိုင်းတုံအကျဉ်းထောင်၊ တာချီလိတ်အကျဉ်းထောင်၊ မိုင်းဆတ်အကျဉ်းထောင်၊ကျိုင်းတုံဘိုးဘွားရိပ်သာ၊ တာချီလိတ် ဘိုးဘွား ရိပ်သာနှင့် ကျိုင်းတုံမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း — စာ ၈

ကော်မရှင်မှ သန်လျင်မြို့ရှိ လုမ္မိနီဘိုးဘွားရိပ်သာ၊ ရဲစခန်းအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခြင်း — စာ ၁၀

ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဥပဒေပညာဌာနတွင် လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများသွားရောက်ပို့ချ — စာ ၁၃

ဆွေးနွေးခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပါသည်။

ဟောပြောပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြပြီး အသိပညာပေး ဟောပြောပွဲအား ၁၂:၃၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

ကော်မရှင်ရုံး (ရန်ကုန်) တွင် ခန့်ထားနိုင်ရေး ညွှန်ကြားရေးမှူးများ စိစစ်ရွေးချယ်ရေးပြုလုပ်ခြင်း

မေလ ၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ လစ်လပ်လျက်ရှိသည့် ညွှန်ကြားရေးမှူး (၂) နေရာအား ခန့်အပ်နိုင်ရေး ဒုတိယညွှန်ကြားရေးမှူး လုပ်သက် (၂) နှစ်နှင့် အထက်ရှိသူများအား အရည်အချင်းစစ်ဆေးခြင်းကို ကော်မရှင်ရုံးတွင် ၂-၅-၂၀၂၄ ရက်နေ့ ၁၀:၀၀နာရီအချိန် Thematic Paper Presentation ပြုလုပ်ခြင်းနှင့် ၁၃:၃၀ နာရီအချိန် လူတွေ့စစ်ဆေးခြင်းကို Conference Room တွင် ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ လူတွေ့ဖြေဆိုအောင်မြင်သည့် ဒုတိယညွှန်ကြားရေးမှူးများအား ကော်မရှင်ရုံး လုပ်ထုံးလုပ်နည်းများနှင့်အညီ အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီသို့ တင်ပြဆောင်ရွက်၍ ညွှန်ကြားရေးမှူးရာထူး ခန့်အပ်သွားမည် ဖြစ်ပါသည်။

ကော်မရှင်ရုံးမီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးများလေလွင့်မှုမရှိစေရေး ကော်မရှင်ရုံးအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခြင်း

မေလ ၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် ၃-၅-၂၀၂၄ ရက်နေ့ ၁၃:၃၀ နာရီအချိန်၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များနှင့်အတူ ကော်မရှင်ရုံးတွင်း မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးအသုံးပြုမှုများ လေလွင့်မှု မရှိစေရေး အမျိုးသားအဆောင်၊ အမျိုးသမီးအဆောင်၊ စားချက်ဆောင်များနှင့် ဌာန (၆) ခုသို့ အသေးစိတ် လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၃/၂၀၂၄)

မေလ ၁၀ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်အား ဆန့်ကျင်သော လက်နက်ကိုင် တိုက်ခိုက်မှုများသည် လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့တိုင် ဖြစ်ပွားလျက်ရှိပါသည်။ အဆိုပါ ဖြစ်စဉ်များကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များစွာ ထိခိုက်ဆုံးရှုံးလျက် ရှိနေပါသည်။ ထို့ပြင် အများပြည်သူဆိုင်ရာ အခြေခံအဆောက်အဦများဖြစ်သည့် လမ်းတံတားများ၊ တာဝါတိုင်များ၊ လျှပ်စစ်ဓာတ်အားခွဲရုံများ၊ မီးရထားလမ်းများ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ ဘာသာရေး အဆောက်အဦများလည်း ပျက်စီးဆုံးရှုံးလျက်ရှိပါသည်။

လူသားအားလုံးအတွက် အသက်ရှင်သန်ခွင့်သည် အခြေခံအကျဆုံး အခွင့်အရေးဖြစ်ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၃) တွင် "လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှုရခွင့်ရှိသည်" ဟု ဖော်ပြထားရှိပါသည်။ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာဖြစ်စဉ်နှင့် အခြားဆန့်ကျင်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများအပါအဝင် ပြည်သူများ၏ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံခွင့်များ ဆုံးရှုံးနေကြရပါသည်။

တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးတို့မှာ ဒွန်တွဲလျက်ရှိပါသည်။ လက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက်မှုဖြစ်စဉ်များသည် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ပျက်ပြားစေသည့်အပြင် ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးတို့ကိုလည်း ထိပါးစေပါသည်။ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး မရှိပါက နိုင်ငံတော်တွင် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အဟန့်အတား ဖြစ်စေမည်ဖြစ်ကြောင်း သတိပြုသင့်ပါသည်။

ဝမ်းနည်းကြေကွဲဖွယ်ကောင်းသော ပြည်သူများ၏ အသက်ဆုံးရှုံးမှုနှင့် လူမှုစီးပွားဘဝ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်သူများက လူသားများ၏ အသက်ရှင်သန်ခွင့်နှင့် အခြေခံလူ့အခွင့်အရေးများကို အလေးထားကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို ရှေးရှုကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၄/၂၀၂၄)

မေလ ၂၇ ရက်

ကလေးသူငယ်များသည် အနာဂတ်ကာလ နိုင်ငံ့တာဝန်ကို ပခုံးပြောင်း တာဝန်ယူ၍ လက်ဆင့်ကမ်းထမ်းဆောင်ကြမည့်သူများဖြစ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် အဆိုပါ ကလေးသူငယ်များ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် များစွာမူတည်ပါသည်။ ပညာသင်ကြားခွင့် ဆုံးရှုံးခြင်းသည် ကလေးသူငယ်ကိုယ်တိုင်နှင့် နိုင်ငံ့အနာဂတ်အတွက်ပါ ထိခိုက် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

ပညာသင်ကြားခွင့်သည် ကလေးသူငယ်များအတွက် မူလအခွင့်အရေးတစ်ရပ် ဖြစ်ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် (၂၆) တွင် "လူတိုင်းတွင် ပညာသင်ယူခွင့် ရှိသည်" ဟု ဖော်ပြထားပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၃၆၆ (က) တွင်လည်း "နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ပညာသင်ကြားပိုင်ခွင့်ရှိသည်" ဟု ပြဋ္ဌာန်းထားသည့် အားလျော်စွာ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားခွင့်ရရှိနိုင်ရေးနှင့် လက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အခြေခံပညာမှစ၍ စနစ်တကျ မြှင့်တင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

ယခုအချိန်သည် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေး သီတင်းပတ်ကာလဖြစ်ရာ မသန်စွမ်းကလေးသူငယ်များနှင့် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားခွင့် ဆုံးရှုံးနေရသည့် ကလေးများ အပါအဝင် ကျောင်းနေအရွယ်ကလေးတိုင်း မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေဘဲ မိဘများ၊ တရားဝင်အုပ်ထိန်းသူများ၊

မိသားစုဝင်များနှင့် သက်ဆိုင်သူများအားလုံးက ကလေးများ၏ အကောင်းဆုံးအကျိုးစီးပွားကို အဓိကထည့်သွင်းစဉ်းစား၍ အချိန်မီ ကျောင်းအပ်နှံနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၅/၂၀၂၄) ကျင်းပခြင်း

မေလ ၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၄) ကို ၉-၅-၂၀၂၄ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင် အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ

မေလ ၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ ဖွင့်လှစ်လျက်ရှိသော အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၇၉/၂၀၂၄) သို့ ၉-၅-၂၀၂၄ ရက်နေ့၊ ၀၇:၃၀ အချိန်မှ ၀၉:၅၀ အချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများသွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းဆောင်ရွက်ချက်များ စသည့်သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်းသင်တန်းသားဦးရေ ၁၃၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ပြန်လည်ဖြေကြားခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် တင်ဒါကော်မတီ အစည်းအဝေး ကျင်းပခြင်း

မေလ ၁၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၏ တင်ဒါကော်မတီအစည်းအဝေးကို ၁၃-၅-၂၀၂၄ ရက်နေ့၊ ၁၃:၃၀ နာရီအချိန် Conference Room တွင် ကျင်းပခဲ့ရာ တင်ဒါကော်မတီဥက္ကဋ္ဌ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ကော်မရှင် အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါ်နုနုယဉ်၊ ကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် သက်ဆိုင်ရာဌာန တာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး ဦးသူရကျော်က ဆောင်ရွက်ရမည့်လုပ်ငန်းများကို တင်ပြဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာအဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် အစည်းအဝေးအစီအစဉ်အရ တင်ဒါကော်မတီဥက္ကဋ္ဌကော်မရှင်အဖွဲ့ဝင်ဒေါက်တာသန်းမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပြီး အစည်းအဝေးကို ၁၄:၁၀ နာရီအချိန်တွင် အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

ကော်မရှင်ရုံးချုပ်နှင့် ပုသိမ်ရုံးခွဲတို့တွင် တာဝန်ထမ်းဆောင်မည့် အငယ်တန်းစာရေးများအား လူတွေ့စစ်ဆေးခြင်းများဆောင်ရွက်

မေလ ၁၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် ကော်မရှင်ရုံးခွဲ (ပုသိမ်) တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးအလုပ်လျှောက်လွှာလာရောက်လျှောက်ထားသူများအား အရည်အချင်းစိစစ်ရေးအဖွဲ့မှ ၂၀၂၄ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် အရည်အချင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပါသည်။ အရည်အချင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့သည့် အငယ်တန်းစာရေးရာထူး ဖြေဆိုအောင်မြင်သူများအား ကော်မရှင်အုပ်ချုပ်မှူးစီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးသို့တင်ပြဆောင်ရွက်ပြီး ကော်မရှင်(ရုံးချုပ်)နှင့် ကော်မရှင်ရုံးခွဲ(ပုသိမ်)တွင်ခန့်အပ်သွားမည် ဖြစ်ပါသည်။

သတင်းမီဒီယာအကြောင်းသိကောင်းစရာ” ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ခြင်း

မေလ ၁၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ အသိပညာမျှဝေခြင်း အစီအစဉ် Knowledge Sharing Program အရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့်ပူးပေါင်းကျင်းပသည့် “သတင်းမီဒီယာအကြောင်းသိကောင်းစရာ”ခေါင်းစဉ်ဖြင့်အသိပညာပေးဟောပြောပွဲကို ၁၆-၅-၂၀၂၄ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား

လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အသိပညာပေးဟောပြောပွဲ၌ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များတွင် အတိအလင်းဖော်ပြထားရှိပြီး လုပ်ငန်းစဉ် အောင်မြင်စွာဆောင်ရွက်နိုင်ဖို့ ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည်လည်း နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အကျိုးဖြစ်စေမည့် ဆောင်ရွက်ချက်များအပါအဝင် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ၂၀၀၈ ၏ အခန်း (၈) ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ရရှိ ခံစားနိုင်ရေးနှင့် နိုင်ငံတော်မှ လူ့အခွင့်အရေးကို လေးစားလိုက်နာသည့် လူ့အဖွဲ့အစည်းဖြစ်ထွန်း ပေါ်ပေါက်လာရေးကို ကြိုးပမ်းဆောင်ရွက်နေသော နိုင်ငံတော်အဆင့် အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ပိုမိုထိရောက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ စာရင်းစစ်မှူး ဒေါ်မြင့်မြင့်သိန်း ဆရာမ တက္ကသိုလ်မြမဥူက သတင်းမီဒီယာ၏ သတင်းမီဒီယာဥပဒေနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အတွင်းရေးမှူး ဦးအောင်ပြည့်စုံက သတင်းသမားလိုက်နာရမည့် ကျင့်ဝတ်နှင့် သတင်းတု သတင်းမှားများ ချေဖျက်နိုင်ရေးကိုလည်းကောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က သတင်းသမားများထားရှိရမည့် စိတ်နေစိတ်ထားနှင့် နိုင်ငံတော် အပေါ်သစ္စာရှိသော သတင်းမီဒီယာများ ပေါ်ပေါက်လာစေရေးကို လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြပါသည်။ ထို့နောက်တက်ရောက်လာသည့် ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးအရာထမ်း/ အမှုထမ်းများကို သိရှိလိုသည်များကို မေးမြန်းခဲ့ကြပါပြီး မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပါသည်။

ဟောပြောပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြပြီး အသိပညာပေး ဟောပြောပွဲအား ၁၂:၃၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

ကော်မရှင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့အသုံးစရိတ် ရရှိမှုအခြေအနေနှင့် လအလိုက် ထောက်ပံ့ငွေ သုံးစွဲအကောင်အထည်ဖော် ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခြင်း

မေလ ၁၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန ဘာသာရပ် တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်ဒေါက်တာသန်းမြင့်ဦးဆောင်၍ ကော်မရှင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့အသုံးစရိတ် ရရှိမှုအခြေအနေနှင့် လအလိုက် ထောက်ပံ့ငွေ သုံးစွဲအကောင်အထည်ဖော် ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ၁၇-၅-၂၀၂၄ ရက်နေ့ ၁၀:၃၀ နာရီအချိန် ကော်မရှင်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနတာဝန်ခံများနှင့် ဘဏ္ဍာရေးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ထောက်ပံ့အသုံးစရိတ် ရရှိမှု အခြေအနေများကို တင်ပြခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ဌာနတာဝန်ခံများက မိမိဌာနအလိုက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူမည့်ပစ္စည်းများနှင့် သုံးစွဲအကောင်အထည်ဖော်မည့် အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က နိဂုံးချုပ်စကားပြောကြားခဲ့ပြီး အစည်းအဝေးကို ၁၂:၁၀ နာရီအချိန်တွင် ပြီးဆုံးခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး အရာထမ်းအမှုထမ်းများအတွက် အင်္ဂလိပ်စာ အရည်အသွေးတိုးတက်မြင့်မားလာစေရေးအတွက် အင်္ဂလိပ်စာသင်တန်းပို့ချ

မေလ ၁၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်သည် ကော်မရှင်ရုံးဝန်ထမ်းများ အင်္ဂလိပ်စာ အရည်အသွေးတိုးတက်မြင့်မားလာစေရေးကို ရည်ရွယ်၍ အင်္ဂလိပ်စာသင်တန်းကို ၁၇-၅-၂၀၂၄ ရက်နေ့မှ ၂၁-၆-၂၀၂၄ ရက်နေ့အထိ အပတ်စဉ် သောကြာနေ့တိုင်း သင်ခန်းစာပို့ချခြင်းကို Hybrid system ဖြင့်လည်းကောင်း၊ တနလင်္ဂနေ့မှ ကြာသပတေးနေ့အထိ မိမိကြိုက်နှစ်သက်ရာအချိန်တွင် Google Class Room မှ သင်ခန်းစာများ လေ့လာစေခြင်း၊ English Level Test များ ဖြေဆိုစေခြင်းကိုလည်းကောင်း ပြုလုပ်ဆောင်ရွက်လျက် ရှိပါသည်။

ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက် Beijing Declaration and Platform for Action–BPFA+30 နိုင်ငံအဆင့် လေ့လာသုံးသပ်မှု အစီရင်ခံစာ (Zero Draft) အပေါ် လိုအပ်သည်များ ပြင်ဆင်ရေးသားနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း

မေလ ၁၇ ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ဖိတ်ကြားချက်အရ ၁၇-၅-၂၀၂၄ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် **"ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက် Beijing Declaration and Platform for Action–BPFA+30 နိုင်ငံအဆင့် လေ့လာသုံးသပ်မှု အစီရင်ခံစာ (Zero Draft) အပေါ် လိုအပ်သည်များ ပြင်ဆင်ရေးသားနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး"**သို့ ဒေါ်ဖြိုးသီရိဝင်း၊ ညွှန်ကြားရေးမှူး တက်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ရှမ်းပြည်နယ်ရှိ ကျိုင်းတုံအကျဉ်းထောင်၊ တာချီလိတ်အချုပ်ထောင်၊ မိုင်းဆတ်အကျဉ်းထောင်၊ ကျိုင်းတုံဘိုးဘွားရိပ်သာ၊ တာချီလိတ်ဘိုးဘွားရိပ်သာနှင့် ကျိုင်းတုံမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း

မေလ ၁၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံဘိုးဘွားရိပ်သာအား ၁၄-၅-၂၀၂၄ ရက်နေ့တွင် လည်းကောင်း၊ ကျိုင်းတုံမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းနှင့် ကျိုင်းတုံအကျဉ်းထောင်အား ၁၅-၅-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ တာချီလိတ်မြို့ရှိ တာချီလိတ် အချုပ်ထောင်အား ၁၆-၅-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ မိုင်းဆတ်မြို့ရှိမိုင်းဆတ်အကျဉ်းထောင်အား၁၇-၅-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ တာချီလိတ်မြို့ရှိ တာချီလိတ်ဘိုးဘွားရိပ်သာအား ၁၈-၅-၂၀၂၄ ရက်နေ့တွင်လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကျိုင်းတုံအကျဉ်းထောင်၊ တာချီလိတ်အချုပ်ထောင်နှင့် မိုင်းဆတ်အကျဉ်းထောင်တို့အား ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင်တွေ့ဆုံကာ အကျဉ်းသား၊ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့်သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ မိသားစုနှင့် တွေ့ဆုံခွင့်ပေးနေမှုအခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု အခြေအနေ၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးမှု အခြေအနေ၊ စာရိတ္တပြုပြင်ပြောင်းလဲပေးမှု အခြေအနေ၊ စာကြည့်တိုက် သုံးစွဲမှု အခြေအနေ၊ ထောင်ဝင်စာပစ္စည်းများစုံလင်စွာရရှိမှုအခြေအနေ၊ ရသင့်ရထိုက်သောအသုံးအဆောင် ပစ္စည်းများရရှိမှုအခြေအနေ၊ ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ မရှိ အခြေအနေနှင့် အိပ်ဆောင်များအတွင်း သန့်ရှင်းမှု ရှိ မရှိ အခြေအနေစသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို

လည်း သီးခြားတွေ့ဆုံ မေးမြန်း မှတ်တမ်းတင်ခဲ့ပါသည်။

ကျိုင်းတုံ အကျဉ်းထောင်၊ တာချီလိတ် အချုပ်ထောင်နှင့် မိုင်းဆတ်အကျဉ်းထောင်တို့အား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ်အကျဉ်းသား/အကျဉ်းသူ၊အချုပ်သား/အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးရုံဆောင်၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများသန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်များကို ကော်မရှင်မှ လှူဒါန်းခဲ့ပါသည်။

ထို့နောက် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကျိုင်းတုံမြို့ရှိ ကျိုင်းတုံဘိုးဘွားရိပ်သာနှင့် တာချီလိတ်မြို့ရှိ တာချီလိတ်ဘိုးဘွားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးစဉ်ရိပ်သာများတွင်လက်ခံစောင့်ရှောက်ပေးလျက်ရှိသော အဘိုး၊ အဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ၊ အစားအစာနှင့်အာဟာရ ဖြည့်ဆည်းကျွေးမွေးမှုအခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်မှုအခြေအနေ၊ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကျိုင်းတုံမြို့ရှိ ရဲစခန်းအချုပ်ခန်းအား ဝင်ရောက်ကြည့်ရှု စစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ မရှိ အခြေအနေ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှုအခြေအနေ၊ အချုပ်ကာလအတွင်း စားသောက်ရေးစီစဉ်ပေးမှု အခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု အခြေအနေတို့အား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် ဆန်၊ ဆီများရောင်းချပေးခြင်း

မေလ ၂၀ ရက်

ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာချောင်ချိရေးအစီအစဉ်အဖြစ် စားသုံးဆီ (၁၈၃) ပိဿာအား တစ်ပိဿာလျှင် ၅၄၅၀/- ကျပ်နှုန်းဖြင့် ၂၀-၅-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) မှ ဆန်အိတ် ပေါ်ဆန်း(၈၃) အိတ် (၅ ပြည်ဝင် တစ်အိတ်လျှင် ၂၇၀၀၀/- ကျပ်နှုန်း) နှင့် ဧည့်မထ (၁၀၁) အိတ် (၅ ပြည်ဝင် တစ်အိတ်လျှင် ၁၅၀၀၀/- ကျပ်နှုန်း) တို့အား ဝယ်ယူ၍ ကော်မရှင်ရုံးဝန်ထမ်းများသို့ ၁၃-၅-၂၀၂၄ ရက်နေ့တွင်လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

ကော်မရှင်ရုံးဝန်ထမ်းရေးရာအကြံပေးအဖွဲ့ အစည်းအဝေးကျင်းပခြင်း

မေလ ၂၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးအကြီးအမှူးညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများပါဝင်သော ဝန်ထမ်းရေးရာအကြံပေးအဖွဲ့အစည်းအဝေးကို ၂၁-၅-၂၀၂၄ ရက်နေ့၊ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပဆောင်ရွက်ခဲ့ပါသည်။

ဦးစွာဝန်ထမ်းရေးရာအကြံပေးအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ဝန်ထမ်းရေးရာအကြံပေးအဖွဲ့ဝင်များမှ ပုသိမ်ရုံးခွဲတွင် ခန့်အပ်ရန် အရည်အချင်းစစ်ဆေးရေးအဖွဲ့မှ တင်ပြထားရှိသည့် ကိစ္စရပ်များ၊ ကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသည့် ဒုတိယညွှန်ကြားရေးမှူးရာထူးနေရာများအား ရုံးတွင်းမှ လုပ်သက်ပြည့်မီပြီး ဖြေဆိုခွင့်ရှိသည့် လက်ထောက်ညွှန်ကြားရေးမှူးများ အမည်စာရင်း ထုတ်ပြန်ထားရှိခြင်းကိစ္စ၊ ဌာနပြောင်းရွှေ့ တာဝန်ထမ်းဆောင်လိုသည့် ကိစ္စရပ်များနှင့် နုတ်ထွက်ခွင့်တင်ပြထားသည့်ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ဝန်ထမ်းရေးရာ အကြံပေးအဖွဲ့ခေါင်းဆောင်၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပြီး အစည်းအဝေးအား ၁၄:၁၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သန်လျင်မြို့ရှိ လုမ္မိနီဘိုးဘွားရိပ်သာ၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခြင်း

မေလ ၂၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါက်တာသန်းမြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ၂၁-၅-၂၀၂၄ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့ရှိ လုမ္မိနီဘိုးဘွားရိပ်သာ၊ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့အား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အမှုစစ်ဆေးစဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှုအခြေအနေ၊ တရားရုံးတွင်အမှုရင်ဆိုင်ရန် ရုံးထုတ်အချိန်အတွင်း စားသောက်ရမှု အခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ မရှိ၊ အကျိုးဆောင်ရွှေ့နေနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့နောက် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် လုမ္မိနီ

ဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ၊ အစားအစာနှင့် အာဟာရ ဖြည့်ဆည်းကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့်သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု အခြေအနေ၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဘာသာရပ်အကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ခြင်း

မေလ ၂၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အသိပညာမျှဝေခြင်း အစီအစဉ် Knowledge Sharing Program အရ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့်ပူးပေါင်း ကျင်းပသည့် "သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲမှု ဘာသာရပ် အကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပွဲကို ၂၇-၅-၂၀၂၄ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အသိပညာပေး ဟောပြောပွဲ၌ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာတစ်ဝှန်းလုံးတွင် သာမန်ထက်လွန်ကဲပူပြင်းသည့် အပူဒဏ်ကို မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၊ အခြားကမ္ဘာ့နိုင်ငံအချို့တွေမှာ အလူးအလဲခံစားခဲ့ရပါကြောင်း၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ အပါအဝင် အသက်ဆုံးရှုံးမှုများရှိခဲ့ပါကြောင်း၊ လက်တလော သိသာထင်ရှားသည့် အပြောင်းကတော့ ကမ္ဘာ့အဓိက စိန်ခေါ်မှုကြီးဖြစ်သည့် Climate Change ကြောင့်လို့ ဖော်ညွှန်းချင်ပါကြောင်း၊ ကမ္ဘာကြီးသည်လည်း ပုံမှန်ရာသီဥတုကိုကျော်လွန်၍အပူချိန်လွန်ကဲခြင်း၊ အအေးချိန်လွန်ကဲခြင်း၊ မုန်တိုင်းများကျရောက်ခြင်း၊ မိုးသီးမိုးများ ရွာချခြင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်း၊ ဆူနာမီရေလှိုင်းများ တက်ခြင်းများ ကြောင့် အသက်များ ဆုံးရှုံးခြင်း၊ အဆောက်အဦများ ပျက်စီးခြင်း၊ ကောက်ပဲသီးနှံများ ပျက်စီးခြင်း၊ အခြားရောဂါများနှင့် ဘေးအန္တရာယ်များ ကျရောက်ရင်ဆိုင်နေရခြင်းသည် ရာသီဥတုပြောင်းလဲမှု

Climate Change ၏ လက္ခဏာများဖြစ်ပါကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဟောပြောပို့ချမည့်“သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဘာသာရပ် အကြောင်းသိကောင်းစရာ”ခေါင်းစဉ်အနေဖြင့် ကော်မရှင်ရုံးဝန်ထမ်းများအတွက် သိသင့်သိထိုက်သည့်အချက်များ၊ ရှောင်ကျဉ်ရမည့်အချက်များ၊ ကြိုတင်ကာကွယ်ရမည့်အချက်များကို သိရှိနိုင်မှာဖြစ်သည့်အတွက် စနစ်တကျမှတ်သားစေလိုကြောင်းပြောကြားပါသည်။

ထို့နောက်လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိန်းမှ မြန်မာနိုင်ငံနှင့် သဘာဝဘေးအန္တရာယ်များ၊ သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသဘောတရားများ၊ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် အာဆီယံဒေသအတွင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပါသည်။

ဟောပြောပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အရာထမ်း/အမှုထမ်းများတက်ရောက်ခဲ့ကြပြီးအသိပညာပေး ဟောပြောပွဲအား ၁၂:၂၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

ကော်မရှင်ပုံမှန်အစည်းအဝေး (၅/၂၀၂၄) ကျင်းပခြင်း

မေလ ၂၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၄) ကို ၂၉-၅-၂၀၂၄ ရက်နေ့တွင် Conference Room တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများက တင်ပြခဲ့ပြီး စီမံရေးရာနှင့် ဘဏ္ဍာရေးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ပြီးစီးခဲ့သောလုပ်ငန်း ဆောင်ရွက်ချက်များ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆောင်ရွက်ရန် ကျန်ရှိသောလုပ်ငန်းများအား တင်ပြဆွေးနွေးခဲ့ကြပါသည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဥပဒေပညာဌာနတွင် လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ် သင်ခန်းစာများသွားရောက်ပို့ချ

မေလ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်သည် ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဥပဒေပညာဌာနတွင် ဖွင့်လှစ်လျက်ရှိသည့် ဆရာ/ ဆရာမများ ဘာသာရပ် မွမ်းမံသင်တန်းသို့

၃၀-၅-၂၀၂၄ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်မှ ၁၂:၀၀ နာရီ အချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က လူ့အခွင့်အရေးအခြေခံအယူအဆ၊ ကမ္ဘာလူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အကြောင်းနှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ဥပဒေပညာဌာနမှ ဆရာ/ဆရာမ စုစုပေါင်း ၁၇ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က ပြန်လည် ဖြေကြားခဲ့ပါသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က ရန်ကုန်အဝေးသင်တက္ကသိုလ်ရှိ ဥပဒေပညာဌာန ဆရာ/ ဆရာမများနှင့် ဥပဒေအထူးပြု ကျောင်းသား/ ကျောင်းသူများအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ ဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိလျက်ရှိသည့် စာအုပ်စာတမ်းများ အား ပေးအပ် လှူဒါန်းရာ ရန်ကုန်အဝေးသင် တက္ကသိုလ်၊ ဥပဒေပညာဌာနမှ ပါမောက္ခ (ဌာနမှူး) နှင့် ပါမောက္ခများက လက်ခံရယူခဲ့ပါသည်။

တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၄ ခုနှစ်၊ မေလအတွင်း တိုင်တန်းချက် (၁၄) စောင်၊ ဧပြီလ တိုင်တန်းချက်လက်ကျန် (၅) စောင်၊ စုစုပေါင်း တိုင်တန်းချက် (၁၉) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၅) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၉) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက် ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့လည်းကောင်း၊ တိုင်တန်းချက် (၂) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး တိုင်တန်းချက် (၈) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပါသည်။

ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ

မေလ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်း အချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော ခရိုင်ရဲ တပ်ဖွဲ့မှူး သင်တန်းအမှတ်စဉ် (၈/၂၀၂၄) ၌ ၃၀-၅-၂၀၂၄ ရက်နေ့တွင် ၀၇:၃၀ နာရီမှ ၀၉:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့်သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသား ဦးရေ ၅၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ပြန်လည်ဖြေကြားခဲ့ပါသည်။

ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း

မေလ ၃၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးထုတ်ခြင်း အမှတ်စဉ် (၅/၂၀၂၄) အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာ စကားပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေးနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေး ခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က ကော်မရှင်ရုံးဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။

တွေ့ဆုံဆွေ ဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း ၆၈ ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၄:၃၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

(၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၌ တတိယဆုရဆောင်းပါး

ကလောင်အမည်	-	ဂျန်းမီ
အမည်	-	ဒေါ်မြသက်နှင်း
ရာထူး	-	ဒုတိယလူ့အခွင့်အရေးဦးစီးမှူး
ဌာန	-	လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာန

“အားလုံးအတွက် အပြုံးဖြင့်ရှေ့ဆက်၊ လက်တွဲချီတက် လူ့အခွင့်အရေးနေ့အတွက်”

လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ခန့်က ပွင့်တော်မူခဲ့သော ဂေါတမ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သည့်မေတ္တာသုတ်တော်တွင် “မာတာ ယထာ နိယံပုတ္တ၊ မာယုသာ ဧကပုတ္တ မနုရက္ခေ”၊“အမိသည်မိမိရင်သွေးဖြစ်သော တစ်ဦးတည်းသော သားငယ်ကို အဖန်တလဲလဲ စောင့်ရှောက်သကဲ့သို့ ဤနည်းအတူသာလျှင် ခပ်သိမ်းသော သတ္တဝါတို့၌ အတိုင်းအရှည်မသိသော မေတ္တာစိတ်ကို ပွားစေရာ၏” ဟူ၍ ဟောကြားဆုံးမတော်မူခဲ့ပါသည်။ သိပ္ပံပညာရှင်များက လူသားတို့၏ ဦးနှောက်တွင် ကောင်းမွန်၍ အပြုသဘော အပေါင်းလက္ခဏာဆန်သော စိတ်ခံစားချက်၊ အတွေးများကိုဖြစ်စေသော လူသားဆန်သော ဦးနှောက်ဘက်ခြမ်း (Hippocampus) နှင့် အပျက်သဘော အနှုတ်လက္ခဏာဆန်သော စိတ်ခံစားချက်၊ အတွေးများကို ဖြစ်စေသော ကလေး(ဗာလ)နှင့်တူသော ဦးနှောက်ဘက်ခြမ်း (Amygdala) ဟူ၍ ရှိပါသည်။ လူသည် သတ္တဝါထဲတွင် အသိဉာဏ်မြင့်မားသော သတ္တဝါဖြစ်သည်။ လူနှင့် အခြားသက်ရှိ သတ္တဝါများ ခြားနားသော အချက်မှာ လူသည် ဆင်ခြင်တုံတရားလက်ကိုင်ထားကာ အကြောင်းအကျိုး အကောင်းအဆိုး ဝေဖန်သုံးသပ်နိုင်သည်။

ထို့ကြောင့် လူသားတို့သည် မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဥပေက္ခာ နှင့်ယှဉ်သော စိတ်တို့ကို လေ့ကျင့်ယူကာ ကျင့်သုံးနိုင်ခြင်းပင်ဖြစ်သည်။ ထိုသို့အပေါင်းလက္ခဏာဆောင်သော စိတ်၊ ဦးနှောက် တို့အခြေခံ၍ မိမိနှင့် တစ်ပါးသူတို့ ချမ်းသာရေးကိုရှေးရှုကာ လူသားအဖြစ် မွေးဖွားလာချိန်မှ သေဆုံးချိန် ထိတိုင်အောင် လူသားအနေဖြင့် မိမိ ရသင့်ရထိုက်သော အခွင့်အရေးတို့ကို သိရှိနားလည်ရုံမျှမက တစ်ပါးသူတို့အခွင့်အရေးများကို တစ်စုံတစ်ရာ ထိခိုက်နှောက်ယှက်မှုမပြုနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် လူသားဆန်သော၊ အပေါင်းလက္ခဏာ စိတ်ကို ဦးစားပေးသော၊ ကိုယ်ချင်းစာတရား လက်ကိုင်ထားသော၊ ဟီရိ ဩတပ္ပ တရားကို နားလည်သော လူသားသမိုင်းတွင်စေသည့်အပြုအမူတစ်ရပ်ပင်ဖြစ်ပါသည်။

သမိုင်း ဦးဘုံမြေခေတ်မှ ယနေ့မျက်မှောက်ခေတ်အထိ လူသားအချင်းချင်းကြား မရေမတွက်နိုင်အောင် စစ်ပွဲများ၊ ပဋိပက္ခများ၊ ခိုးဆိုးလုယက်မှုများ စသည်ဖြင့် လူအချင်းချင်းဒေါသနှင့်ကြောက်စိတ်ကို အခြေခံသော ထိခိုက်နစ်နာဆုံးရှုံးအောင် ပြုလုပ်မှုများစွာ ရှိခဲ့ပါသည်။ မြန်မာ့သမိုင်းတွင် ဖြစ်ပွားခဲ့သော စစ်ပွဲများ အနက် “ဘုရင့်နောင် ဖောင်ဖျက်”ဟု ဆိုရိုးစကားတွင် ကျန်ခဲ့သည့်နောင်ရိုးတိုက်ပွဲ၊ အလောင်းမင်းတရား ကြီး ဦး အော င် ဇေ ယျ မှ အယုဒ္ဓယနိုင်ငံသို့ စစ်ချီကာ အောင်ပွဲရယူနိုင်ခဲ့သည့် တိုက်ပွဲ၊ မြန်မာ-အင်္ဂလိပ်စစ်ပွဲများစသည်ဖြင့်ထင်ရှားသော စစ်ပွဲများ စွာ ဖြစ်ပွား ခဲ့ကြောင်း သမိုင်းသာဓကနှင့်တကွ အထင်အရှားရှိပါသည်။ ထိုအထဲတွင် သာဓကအနေဖြင့် ဖျောက်ဖျက်မရနိုင်သော အမည်းစက်အနေဖြင့် ထင်ကျန်ရစ်ခဲ့သော စစ်ပွဲများဖြစ်သည့် ပထမကမ္ဘာစစ်ပွဲ (၁၉၁၄-၁၉၁၈) နှင့် ဒုတိယကမ္ဘာစစ် (၁၉၃၉-၁၉၄၅) တို့သည် ကမ္ဘာပေါ်ရှိ အပြစ်မဲ့ ပြည်သူများစွာတို့ကို သေကြေပျက်စီးစေခဲ့သော အနိဋ္ဌာရုံ တစ်ခုအနေဖြင့် ကျန်ရစ်ပါသည်။ ထိုသို့ စစ်ပွဲများကြောင့် ထိခိုက်ပျက်စီးရသော လူသားများ၏ ဒုက္ခများကို လျော့နည်းပျောက်ရန်အလို့ငှာ ပထမကမ္ဘာစစ်အပြီးတွင် နိုင်ငံပေါင်းချုပ်အသင်းကြီး (League of Nations) ကို တည်ထောင်ခဲ့သော်လည်း မအောင်မြင်ခဲ့၍ ဒုတိယကမ္ဘာစစ်အပြီးတွင် ထိုသို့စစ်ပွဲများ ထပ်မံဖြစ်ပွားခြင်းကို ကာကွယ်တားဆီးရန်၊ ကမ္ဘာပေါ်ရှိ လူသားများ၏ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် ရည်သန်၍ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂအား တည်ထောင်ခဲ့

သည်။ ထို့နောက်တွင် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အပိုဒ် (၆၈) အရ လူ့အခွင့်အရေး ကော်မရှင်ကို ၁၉၄၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ အမေရိကန် နိုင်ငံသမ္မတကတော် Eleanor Roosevelt ဦးဆောင်၍ လူ့အခွင့် အရေးကြေညာစာတမ်းကို ကနဦး ရေးဆွဲခဲ့ရာ နိုင်ငံတကာသဘောတူ ညီမှု၊ ပူးပေါင်း ပါဝင်မှုတို့ကို အဆင့် ဆင့်ဖြတ်သန်းပြီးသကာလ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပ သော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ ညီလာခံမှနေ၍ ကမ္ဘာ့လူ့အခွင့်အရေး ကြေ ညာ စာ တ မ်း ကို အ တ ည် ပြု ပြဋ္ဌာန်းနိုင်ခဲ့သည်။ လူ့အခွင့်အရေးဟု ဆိုရာတွင် အမျိုးသမီး အခွင့် အရေး၊ ကလေးသူငယ် အခွင့်အရေး၊ မသန် စွမ်းသူများ အခွင့်အရေး၊ သက်ကြီး ရွယ်အိုများဆိုင်ရာ အခွင့်အရေး စသည်တို့ပါ ချန်လှပ်ထား၍ မရပါ။

၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် (၂) တွင် "လူ တိုင်းသည် လူမျိုး၊ အသားအရောင်၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာ စကား၊ ကိုးကွယ်သည့် ဘာသာ၊ နိုင်ငံရေးသို့မဟုတ်အခြားအယူအဆ၊ နိုင်ငံသား သို့မဟုတ် လူမှုအဆင့် အတန်းနှင့်ဆိုင်သော ဇာစ်မြစ်၊ ပစ္စည်း ဥစ္စာဂုဏ်၊ မျိုးရိုးဇာတိဂုဏ်နှင့် အခြားအဆင့်အတန်းစသည့် ခွဲခြား မှုမျိုးမရှိစေဘဲ ဤကြေညာစာတမ်း တွင် ဖော်ပြပါရှိသည့် အခွင့်အရေးနှင့် လွတ်လပ်ခွင့် အားလုံးကို ခံစားခွင့် ရှိသည်" ဟု ဖော်ပြ ထားရှိပါသည်။ " လူ့ အ ခွ င့် အ ရေး ဆို သ ည် မှာ အမျိုးသမီးများ၏ အခွင့်အရေးဖြစ် ပြီး အမျိုးသမီးများ၏ အခွင့် အရေး ဆိုသည်မှာလည်း လူ့အခွင့်အရေး ပင် ဖြစ်သည်" ဟု အမေရိကန် အမျိုး သမီးလွှတ်တော်အမတ် Hillary Clinton က အမျိုးသမီးများ၏ အခွင့် အရေးနှင့် ဆက်စပ်၍ ပြောကြားခဲ့ ပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီး များသည် အမျိုးသားများနှင့်တန်းတူ အခွင့်အရေးနှင့် ဂုဏ်သိက္ခာတို့ရှိ ကြောင်းကို ၁၉၄၇၊ ၁၉၇၄ နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေများတွင် တွေ့ရှိနိုင်ပါသည်။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏အခန်း (၂)၊ အပိုဒ် (၁၅) တွင်-

"မိန်းမများသည် တူညီသော အလုပ်အတွက် ယောကျ်ားတို့ရသော လခမျိုးကို ရနိုင်ရမည်" ဟူ၍လည်း ကောင်း၊ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အခန်း (၂)၊ အပိုဒ် (၂၂) (က) တွင်- "နိုင်ငံသားတိုင်း သည် လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အဆင့်အတန်း၊ အမျိုးသား၊ အမျိုး သမီးမရွေး ဥပဒေအရာတွင် အညီ အမျှဖြစ်စေရမည်" ဟုတစ်ဖုံ၊

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏အပိုဒ် (၃၅၀) နှင့် (၃၅၁) တွင်- "အမျိုးသမီးများသည် တူညီသော အလုပ်အတွက် အမျိုးသားများခံစား ခွင့်ရှိသော အခွင့်အရေးနှင့် လစာ တို့ကို ခံစားခွင့်ရှိသည်" "မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန် ဆော င် အ မျိုး သ မီး များ သ ည် ဥပဒေအရ သတ်မှတ်ထားသော သ က် ဆို င် ရာ အ ခွ င့် အ ရေး များ ကို အညီအမျှ ခံစားခွင့်ရှိစေရမည်။" ဟု အတိအလင်းပြဋ္ဌာန်းထားပါသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီး အခွင့်အရေးနှင့်စပ်လျဉ်း၍ အထက်ပါ ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် ဖော်ပြချက်များအပြင် အပြည်ပြည် ဆိုင်ရာ သဘောတူညီမှုစာချုပ်ဖြစ် သည့် "အမျိုးသမီးများအား နည်းမျိုး စုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination against Women- CEDAW) အား ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပါဝင် ချုပ်ဆို ခဲ့ပါသည်။

မြ နှ် မာ နိ င် ငံ အ မျိုး သား လူ့အခွင့်အရေး ကော်မရှင်သည် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးဆိုင် ရာ အသိပညာပေးမြှင့်တင်ရေးနှင့် ပညာပေးရေး၊ ကာကွယ်စောင့် ရှောက်ရေးတို့ကို ဆောင်ရွက်ပေး လျ က် ရှိ သော အ မျိုး သား အ ဆ င့် လူ့အခွင့်အရေးအဖွဲ့အစည်း (NHRI) တစ်ခုဖြစ်သည်။ ကော်မရှင်အနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တား ဆီး ကာ ကွ ယ် ရေး ဥ ပ ဒေ (မူကြမ်း) နှင့် စပ်လျဉ်းသည့် အလုပ်ရုံ ဆွေးနွေးပွဲအား ၂၀၁၅ ခုနှစ်တွင် အောင်မြင်စွာ ပြုလုပ်ဆောင်ရွက်နိုင် ခဲ့ခြင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာ ဗျူဟာ စီမံကိန်း (NSPAW- Phase II) (၂၀၂၃-၂၀၃၂) ၏ လုပ်ငန်းနယ်ပယ် (၁၂) ရပ်အလိုက် ရေးဆွဲထားသည့် စီမံချက်လုပ်ငန်းစဉ် (မူကြမ်း) များနှင့် ပတ်သက်သည့် အလုပ်ရုံ ဆွေးနွေးပွဲ များတွင် ပါဝင် ဆွေးနွေးတက်ရောက် ခြင်းတို့အပြင် CEDAW ပိုစတာများ ထုတ်ဝေဖြန့်ချိခြင်း၊ လူ့အခွင့်အရေး ဘာသာရပ်ဆိုင်ရာ သင်ခန်းစာပို့ချ မှုများတွင် အမျိုးသမီးအခွင့်အရေး များအကြောင်း အသိပညာပေးခြင်း တို့ကို နိုင်ငံတစ်ဝန်းတွင် ကျယ်ပြန့် စွာ ဆောင်ရွက်လျက်ရှိပါသည်။

က လေး သူ ငယ် များ သ ည် လူကြီးများအနေဖြင့် အရိပ်တကြည့် ကြ ည့် ဖြ င့် နေ့ တို င်း အ ချိ နှ် တို င်း မေတ္တာဖြင့် ပြုစုပျိုးထောင်ပေးရမည့်

ပန်းကလေးများသဖွယ်ဖြစ်ပါသည်။ ပန်းပွင့်လေးများကဲ့သို့ အင်မတန်နူးညံ့ကာ ထိလွယ်ရှလွယ်သော ကလေးများ၏ စိတ်ထဲတွင် စိတ်ဒဏ်ရာစိုးစဉ်းမျှမရရှိစေရန်၊ မိမိတို့လူကြီးများ အနေဖြင့် ကလေးများကို စိတ်ဒဏ်ရာမဖြစ်စေရန်၊ မပေးမိစေရန်၊ ကာကွယ်စောင့်ရှောက်ပေးရန် မုချ တာဝန်ရှိပါသည်။ အိန္ဒိယနိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ် Indira Gandhi က "ခွဲခြားမရနိုင်သော အခွင့်အရေးများရှိသော၊ ချစ်မြတ်နိုးခံထိုက်သော၊ စိတ်ရောကိုယ်ပါကျန်းမာသန်စွမ်းစေရန် အထူးအလေးထားဆောင်ရွက်ပေးသင့်သော ကလေးလေးများကို ကာကွယ်စောင့်ရှောက်ပေးသင့်သည်၊ မိသားစုများကိုကာကွယ်ပေးသင့်သည်၊ ဒုက္ခခံစေရုံမျှဖြင့် ကလေးလေးများကို ဤလောကကြီးထဲကို မခေါ်ဆောင်သင့်ပါ" ဟူ၍ ကလေးသူငယ်များကို အထူးအလေးထား ဂရုစိုက်သင့်ကြောင်း ပြောကြားခဲ့သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉ ခုနှစ်) တွင် ကလေးသူငယ်အခွင့်အရေးများအကြောင်းကို ပြည့်စုံစွာ ဖော်ပြထားသည်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ။ အခန်း (၂)၊ အပိုဒ် (၄) (စ) တွင်-

"ကလေးသူငယ် အားလုံးကို တည်ဆဲဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာ အခွင့်အရေးနှင့် အကာအကွယ်တို့ တန်းတူညီမျှမှုရှိစေပြီး ခွဲခြားဆက်ဆံခြင်း မပြုစေရန်"ဟု မြန်မာနိုင်ငံတွင်း မှီတင်းနေထိုင်ကြသော ကလေးတိုင်း တန်းတူညီမျှမှု (Equality)၊ ခွဲခြားဆက်ဆံမှု မရှိစေရေး (Non-Discrimination)၊ နှင့် ဥပဒေအရ ကာကွယ်စောင့်ရှောက်မှု (Legal Protection) တို့ရပိုင်ခွင့်ရှိသည်ဟု အတိအလင်း ဖော်ပြထားသည်။ ထို့အပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် ကလေးသူငယ်များ၏ အခွင့်အရေးများအား ထိရောက်စွာ အကောင်အထည်ဖော်မြှင့်တင်ကာကွယ် စောင့်ရှောက်နိုင်ရန် ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာသဘောတူစာချုပ်များ ကိုလည်းပါဝင်ချုပ်ဆိုထားရှိပါသည်။ အဆိုပါစာချုပ်များတွင်-

(က) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of the Child- CRC) အား ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ပါဝင်ချုပ်ဆိုခြင်း၊

(ခ) CRC ၏ နောက်ဆက်တွဲစာချုပ်၊ (CRC-OP-SC) ကလေးသူငယ်များ အား ရောင်းချခြင်း၊ ပြည့်တန်ဆာပြုလုပ်ခြင်းနှင့် ညစ်ညမ်း ရုပ်/သံ/စာ အသုံးပြုခြင်း - (The Sale of Children, Child Prostitution and Child Pornography) အား ၂၀၁၂ ခုနှစ်၊ ဧနှစ်ဝါရီလ ၁၆ ရက်နေ့တွင် ပါဝင်ချုပ်ဆိုခြင်း၊

(ဂ) CRC ၏ နောက်ဆက်တွဲစာချုပ်၊ (CRC-OP-AC) လက်နက်ကိုင် ပဋိပက္ခတွင် ကလေးသူငယ်များ ပါဝင်ပတ်သက်စေမှု - (The Involvement of Children in Armed Conflict) အား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ပါဝင်ချုပ်ဆိုခြင်းတို့ပင်ဖြစ်သည်။ ကလေးသူငယ်များ ရသင့်ရထိုက်သော အခွင့်အရေးများကို ဥပဒေအရသော်လည်းကောင်း၊ နိုင်ငံတော်အနေဖြင့် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကလေးသူငယ်အခွင့်အရေးကို အလေးထားစောင့်ရှောက်သည့်အနေဖြင့် ကလေးသူငယ်နှင့် လူ့အခွင့်အရေး အသိပညာပေး လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း (၂၀၁၂ ခုနှစ်)၊ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာသဘောတူစာချုပ် (The Convention on the Rights of the Child) ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ပြန်ဆိုပုံနှိပ်ထုတ်ဝေခြင်း၊ လူငယ်သင်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

သုတေသန စစ်တမ်းများအရ မြန်မာနိုင်ငံ၏ ၅.၉သန်းသောလူဦးရေ (၁၂.၈ ရာခိုင်နှုန်း) သည် မသန်စွမ်းလူဦးရေဖြစ်ကြပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်း လူဦးရေသည် ၁၂.၄ ရာခိုင်နှုန်း ဖြစ်သည်။ Helen Keller ကမူ "မှောင်အတိကျကာ စက္ခုနှစ်ကွင်း အလင်းမရသည်ဖြစ်စေ၊ စကားတွေ ပြောချင်ပါသော်လည်း မပြောနိုင်၍ တိတ်ဆိတ်ခြင်းကိုသာ အဖော်ပြုနေရသည်ဖြစ်စေ အရာရာတိုင်းမှာ အံ့အားသင့်စရာကောင်းမှန်ခြင်းတွေရှိနေပါတယ်။ ဘဝမှာ သင်ယူခဲ့ရတာ တစ်ခုကတော့ ကျွန်မ ဘယ်လိုအခြေအနေမျိုးဖြစ်နေသည်ဖြစ်စေ အဲဒီ အခြေအနေထဲမှာ စိတ်ကျေနပ် ပျော်ရွှင်စရာ တစ်ခုကတော့ အမြဲရှိနေတယ်ဆိုတာပါပဲ" ဟူ၍ မှတ်သားဖွယ် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ၊ အခန်း (၄)

"မသန်စွမ်းသူများသည် မွေးရာပါ အခွင့်အရေးများ၊ အသက်ရှင်သန်ခွင့်၊နိုင်ငံသားဖြစ်မှု၊လွတ်လပ်မှု၊ တရားမျှတမှု၊ လုံခြုံမှု၊ တန်းတူညီမျှမှုနှင့် ဂုဏ်သိက္ခာလေးစားမှုတို့ကို ခံစားခွင့် ရှိစေရမည်" ဟု ပြဋ္ဌာန်းထားရှိပါသည်။ ထို့အပြင် အပိုဒ် (၉) တွင်-

"မသန်စွမ်းသူများသည် လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာ၊ မသန်စွမ်းမှုအမျိုးအစားမခွဲခြားဘဲ အောက်ပါအတိုင်း အခွင့်အရေးများ ရရှိစေရမည်-

(က) ဥပဒေအရာတွင် အညီအမျှဖြစ်စေရမည်၊

(ခ) အခြားသူများနှင့် ညီမျှသော အခွင့်အရေးများ ရှိစေရမည်" ဟု ပြဋ္ဌာန်းထားရှိပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများကို လေးစားလိုက်နာကျင့်သုံးလျက်ရှိသည့်နည်းတူ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ဖြစ်သည့် "မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (Convention on the Rights of Persons with Disabilities-CRPD) အား ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ပါဝင်ချုပ်ဆိုခဲ့ပါသည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် မြန်မာနိုင်ငံအတွင်း၌ လူ့အခွင့်အရေး မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းအားဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရန် ဟူသည့် ကော်မရှင် ရည်ရွယ်ချက်နှင့် အညီ လူ့အခွင့်အရေး မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်း လုပ်ငန်းများကို ဟန်ချက်ညီညီ လုပ်ဆောင်လျက်ရှိသည်။

ထို့အပြင် မသန်စွမ်းသူများအခွင့်အရေးကို အလေးထားသည့်အနေဖြင့် အမြင်အာရုံ မသန်စွမ်း သူများမူလတန်းပညာရေးအခမဲ့သင်ယူခွင့် ရရှိနိုင်ရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်ပူးပေါင်းကာ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၊ နားမကြားသော ကလေးများကျောင်း (မန္တလေး)၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး)၊ မေရီချပ်မင်း နားမကြားကျောင်း၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) တို့ကို သွားရောက် ကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်သည်တို့ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် မသန်စွမ်းသူများအခွင့်အရေးများကို လူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေရန် ရည်ရွယ်၍ အစိုးရ အရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများ အကျုံးဝင်ရေးဆိုင်ရာ ကဏ္ဍပေါင်းစုံမှ ဆက်စပ်ပတ်သက်သူများ၏ အလုပ်ရုံ ဆွေးနွေးပွဲ၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ခြင်း တို့အပြင် (UDHR) မျက်မမြင်လက်စမ်းစာအုပ် (Braille) စာအုပ်များအား ဝန်ကြီးဌာနနှင့် မျက်မမြင် ကျောင်းများသို့ဖြန့်ဝေပေးပို့ခြင်း စသည်တို့ကို အားကြိုး မာန်တက် လုပ်ဆောင်လျက်ရှိပါသည်။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) ဟူသည့် လူ့အခွင့်အရေးအသက်သွေးကြောစတင်အသက်ဝင်ခဲ့သည့် ၁၉၄၈ ခုနှစ်မှ မျက်မှောက်ခေတ်အထိ ရေတွက်ရသော် (၇၅) နှစ်တိုင် ခရီးပေါက်ခဲ့ပြီဖြစ်သည်။ (၇၅) နှစ်ပြည့် စိန်ရတုအတွက် ရည်ညွှန်းအပ်သော ဆောင်ပုဒ်မှာ "ဂုဏ်သိက္ခာရှိခြင်း၊ လွတ်လပ်ခြင်းနှင့် အားလုံးအတွက် တရားမျှတမှုရှိခြင်း" ပင်ဖြစ်သည်။ ကမ္ဘာသူ၊ ကမ္ဘာသားတို့၏ အကျိုးကို ရှေးရှု၍ ကောင်းမွန်သော စိတ်စေတနာဖြင့် လူသားတိုင်း လူ့အခွင့်အရေးကို သိရှိနားလည် သဘောပေါက် ကာကွယ်လေးစားလာစေရန် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသော လူ့အခွင့်အရေး အသိပညာပေး ဖော်ဆောင်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ လူမှုအသိုင်းအဝန်းများ၏ အရေးပါမှုကြီးမားလှသည်ကို (၇၅) နှစ်တာကာလတောက်လျှောက် လုပ်ဆောင်မှုတိုင်းက သက်သေ တည်လျက်ရှိသည်။ ကမ္ဘာပေါ်ရှိ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများနည်းတူ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့အရင်းတည်ကာ စတင် ဖွဲ့စည်းချိန်မှ ယနေ့အချိန်အထိ မြန်မာပြည်သူ၊ ပြည်သားများ၏ အခွင့်အရေးများကို ဖော်ဆောင်မြှင့်တင်ပေးလျက်ရှိသော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် လူ့အခွင့်အရေး အဖွဲ့အစည်းတိုင်းသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းဟူသည့် အသက်သွေးကြောလေးကို ပိုမိုအသက်ဝင် ရှင်သန်စေရန် ပံ့ပိုးပေးနေသော နှလုံးသားသဖွယ် အလားသဏ္ဍာန်တူသည်။ သို့ဖြစ်ပါ၍ လူသားတစ်ဦးအနေဖြင့် (၇၅) နှစ်ကာလတိုင်ခဲ့ပြီဖြစ်သည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၏ စိန်ရတုခရီးစဉ်ကို ဂုဏ်ယူဝမ်းမြောက်ကာ ကျေနပ်ပီတိ ဖြစ်မိပါသည်။

*****

ENGLISH SECTION

Vol.3 No.6, June 2024

Myanmar National Human Rights Commission Statement No. (3/2024)

May 10

Since independence, there have been armed attacks against the State in the Republic of the Union of Myanmar. These incidents have resulted in significant loss of life and damages to the properties of innocent people. Moreover, public infrastructure, including roads, bridges, electrical and telecommunication towers, electricity substations, railway tracks, hospitals, schools, and religious buildings, had also been destroyed.

The right to life is the most fundamental right for all human beings. According to article (3) of the Universal Declaration of Human Rights, everyone has the right to life, liberty and security of person. As a result of violent incident at Soneywa village of Myingyan Township and other destructive acts, the right to life, liberty and personal security of the people including the older persons, children, pregnant women and disabled persons, were loss.

Law enforcement, peace, and human rights are interrelated. Incidents involving armed attacks against the State not only disrupt stability and the rule of law but also affect peace and human rights. It should be emphasized that the absence of stability and the rule of law would impede the successful conduct of a free and fair multi-party democratic general election in the country.

To avoid the tragic loss of lives and the disruption of socio-economic well-being, the Myanmar National Human Rights Commission urged all concerned parties to consider the right to life and fundamental human rights of the people in order to ensure national stability and rule of law.

Myanmar National Human Rights Commission

Myanmar National Human Rights Commission Statement No. (4/2024)

May 27

Children are the future bearers of the national responsibilities. The progress of a country heavily depends on the educational development of the children. Denying children's right to education affects both the children themselves and the nation's future.

The right to education is a fundamental right for children. Article 26 of the Universal Declaration of Human Rights states, "Everyone has the right to education." Additionally, Article 366 (a) of the Constitution of the Republic of the Union of Myanmar (2008) stipulates that "Every citizen, in accord with the educational policy laid down by the Union has the right to education." A comprehensive education system that ensures access to education for all school-age children is being systematically promoted, beginning with basic education.

The current period marks the school enrollment week for the 2024-2025 academic year.

Every school–age child, including those with disabilities and those who have lost their right to education for various reasons, should not be left behind. The Myanmar National Human Rights Commission strongly urges parents, legal guardians, family members, and stakeholders to prioritize the best interests of the children and make every effort to ensure their enrollment on time.

Myanmar National Human Rights Commission

MNHRC Gives Human Rights Lecture at Police Officer Training School (Mandalay)

May 9

Myanmar National Human Rights Commission is preparing to promote public awareness of human rights through the provision of information and education under Section 22 (a) of the Myanmar National Human Rights Commission Law.

Director U Zaw Lwin Htoo delivered lectures on human rights at the Investigation Officer Training Course (No.79/2024), held at the Police Officer Training School (Mandalay) on 9 May 2024 from 7:30 to 9:50. In this context, Director U Zaw Lwin Htoo presented lectures on Human Rights Concept, Universal Declaration of Human Rights, and the Organization and Functions of the Myanmar National Human Rights Commission. The lecturer then responded to the trainee's questions. A total of 139 officers attended the aforementioned course.

The Myanmar National Human Rights Commission inspects Kyaing Tong Prison, Tachileik Jail, Monghsat Prison, Kyaing Tong Home for the Aged, Tachileik Home for the Aged and Kyaingtong Police Lock–up

May 18

The inspection team, led by U Kyaw Myint, Member of the Myanmar National Human Rights Commission, in accordance with Sections 43 and 44 of the Commission Law, inspected Kyaingtong Home for the Aged–on 14 May, 2024; Kyaingtong Prison and Kyaingtong Police Lock–up on 15 May, 2024; Tachileik Jail on 16 May, 2024 and Monghsat Prison on 17 May, 2024. The Tachileik Home for the Aged was inspected on 18 May 2024.

The inspection team inspected Kyaingtong Prison, Tachileik Jail and Monghsat Prison according to MNHRC law and procedures to find out whether the prisoners and detainees enjoy fundamental rights, including appropriate food supply, access to health care and provision of adequate purified water. The inspection team inquired the prisoners whether they received their personal items and items sent by their families and whether they get family visits as well as the right to freedom of religion. The inspection team inquired whether there were instances of human rights violations and torture and also privately interviewed the prisoners who wanted to speak freely and privately.

The inspection team also inspected the dormitories, clinic, library, kitchen, food storage area, water purifier, water and sanitation system at Kyaingtong Prison, Tachileik Prison and Monghsat Prison and donated books for the prisoners.

Next, the inspection team inspected Kyaingtong Home for the Aged, Tachileik Home for the Aged in accordance with the MNHRC Law and procedures to ascertain whether the residents

were enjoying fundamental rights including health care services, appropriate food, purified drinking water, right to freedom of religion, adequate dormitories and arrangements for leisure.

While inspecting the Kyaingtong police lock-up the MNHRC team inspected the conditions of detainees at the remand period, including whether any torture occurred during investigation and opportunities to meet with family members, as well as provision of food and drinking water, the handling of sewage, and the overall cleanliness of the facilities.

MNHRC will be sending recommendations to the relevant departments for necessary action based on the findings during inspection.

The Myanmar National Human Rights Commission inspects Thanlyin Prison, Thanlyin Police Lock-up, Thanlyin Court Detention Centers and Lumbini Home for the Aged

May 21

The inspection team, led by U Kyaw Soe and Dr.Than Myint, Members of the Myanmar National Human Rights Commission inspected Thanlyin Police Lock-up, Court Detention Center and Lumbini Home for the Aged in Thanlyin Township, Yangon Region in accordance with Sections 43 and 44 of the Commission Law on 21 May, 2024.

While inspection the Thanlyin police lock-up, the MNHRC team inspected the conditions of detainees during the remand period, including whether any torture were occurred during investigation and there were opportunities to meet with family members as well as provision of food and drinking water, the handling of sewage, and the overall cleanliness of the facilities.

Then, the Lumbini Home for the Aged were inspected in accordance with the MNHRC Law and procedures to ascertain whether the residents were enjoying fundamental rights including health services, appropriate food, purified drinking water, right to freedom of religion, adequate dormitories and arrangements for leisure respectively.

MNHRC will send recommendations to the relevant departments for necessary action based on the findings during inspection.

Status of Handling Complaints

During May 2024, MNHRC received 19 Complaints on the violations addressed to the Commission and 5 complaints remained from April. The complaint investigation team held complaint screening meetings for examining the total of 19 complaints. 9 cases were referred to the relevant departments and 2 cases the complainant was advised on more appropriate remedies. 8 cases which were not within the competence of the Commission were put on record in accordance with the section 32(b), 32(c), 37(b) of MNHRC law and not appropriate of Complaints and 6 complaints remained in May.

MNHRC Gives Lectures at the Department of Law, Yangon University of Distance Education

May 30

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights.

Commissioner Dr. Myint Thu Myaing gave lectures on the "Capacity Building Programme for the Teaching Staff" held at the Department of Law, Yangon University of Distance Education on 30 May 2024 from 10:00 to 12:00. In doing so, Commissioner Dr. Myint Thu Myaing delivered the lectures on Human Rights Concept, Universal Declaration of Human Rights, International Covenant on Civil and Political Rights and International Covenant on Economic, Social and Culture Rights. Afterwards the lecturer answered the questions asked by the Teaching Staff. A total of 17 Teaching Staff attended the above–mentioned course.

Then, Commissioner Dr. Myint Thu Myaing donated the books published by the Myanmar National Human Rights Commission for the purpose of increasing the knowledge of human rights among the Teaching Staff and law specialized students of Yangon University of Distance Education. The books were received by the Professor (Head) and Professors of Law Department.

MNHRC Gives Human Rights Lecture at Police Officer Training School (Mandalay)

May 30

By Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public awareness of human rights by disseminating information and educating the public as much as possible. U Zaw Lwin Htoo, Director of the Commission office, delivered lectures on human rights at the Police District Commander Course No. (8/ 2024) hosted by Police Officer Training School (Mandalay) on 30 May 2024 from 7:30 to 9:50. In this regard, U Zaw Lwin Htoo, Director of the Commission office lectured on the Human Rights Concept, Universal Declaration of Human Rights, the Organization and Functions of Myanmar National Human Rights Commission. The lecturer responded to inquiries from the trainees. A total of 50 officers attended the aforementioned course.

*****

ဆက်သွယ်ရန် လိပ်စာများ

အမှတ် (၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁၆၅၅၄၆၇၀

Website: https://mnhrc.org.mm

နေပြည်တော် (ရုံးခွဲ)
သဇင်လမ်းနှင့်ဇော်ဂျီ
လမ်းထောင့်၊ ရွှေကြာပင်
ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်။
ဖုန်း- ၀၆၇၃၄၃၂၂၅

မန္တလေး(ရုံးခွဲ)
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်း
အနောက်ရပ်ကွက်၊ ချမ်းအေး
သာဇံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း- ၀၉၅၃၃၃၆၅၀

စစ်တွေ (ရုံးခွဲ)
ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်
ရုံး၊ စစ်တွေမြို့။
ဖုန်း- ၀၉၄၂၅၈၆၀၀၀၈

ပုသိမ် (ရုံးခွဲ)
အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း- ၀၄၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။

e-government@mnhrc.org.mm